# တမန်တော်မြတ် ﷺ ၏စံနမူနာ

## မုဟ်မင်္ဂန်တို့၏ စမ်းသပ်ချုပ်ချယ်မှုများအတွက် အားကိုးရာ

သောကြာနေ့ ဟောကြားချက်

14 Aug 2026

မွတ်သီ အဘ်ဒွလ်ဂနီ (နဒ်ဝီ မက္ကဟ့်ရီ)

بسم الله الرحمن الرحيم

# တမန်တော်မြတ် ﷺ ၏ စံနမူနာ
# မွတ်စ်လင်မ်တို့၏ စမ်းသပ်မှုများအတွက် အားကိုးရာ

الحمد لِلّٰهِ رب العالمين والصلوة والسلام على رسوله الكريم، أما بعد! فَأَعُوذُ بِاللَّهِ مِنَ الشَّيْطَانِ الرَّجِيمِ بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ ﴿إِنَّ الَّذِينَ قَالُوا رَبُّنَا اللّٰهُ ثُمَّ اسْتَقَامُوا تَتَنَزَّلُ عَلَيْهِمُ الْمَلآئِكَةُ أَلَّا تَخَافُوا وَلَا تَحْزَنُوا وَأَبْشِرُوا بِالْجَنَّةِ الَّتِي كُنْتُمْ تُوعَدُونَ﴾. (سورة فصلت : ٣٠)

အလွှာဟ်အရှင်မြတ် မိန့်တော်မူသည်—

**“ဧကန်အမှန် အကြင်သူတို့သည် “ကျွန်တော်မျိုးတို့အား ဖန်ဆင်မွေးမြူတော်မူသော အရှင်မြတ်ကား အလွှာဟ် အရှင်မြတ်ပင် ဖြစ်တော်မူသည်” ဟု ပြောခဲ့ ဆိုခဲ့ကြပြီးနောက် (ယင်းယုံကြည်ချက်အပေါ်၌ပင်) ဖြောင့်မတ်ကြံ့ခိုင်စွာ တည်ရှိနေခဲ့ကြကုန်၏။ “မလာအိကဟ်” ကောင်းကင်တမန်များသည် ထိုသူတို့ထံ ဆင်းသက်လာ၍ ဤသို့ ပြောဆိုနှစ်သိမ့်စေကြပေမည်။ “အသင်တို့သည် စိုးရိမ်ခြင်းလည်း မရှိကြကုန်လင့်။ ပူဆွေးခြင်းလည်း မရှိကြကုန်လင့်။ ထိုမှတစ်ပါး အသင်**

**တို့သည် မိမိတို့ ကတိပေးခြင်း ခံခဲ့ကြသော “ဂျန္နသ်” သုခဘုံရှိသည့်အတွက် ဝမ်းမြောက်ကြလေကုန်။**

*(စူရဟ် ဖုဆ်ဆိလသ် ၄၁:၃၀)*

ကုရ်အာန်နှင့် စွန္နသ်တော်၏ သွန်သင်ချက်များအရ **အီမာန်နှင့် စမ်းသပ်ခံရခြင်းသည် တစ်ခုနှင့်တစ်ခု ခွဲမရသော အရာများဖြစ်သည်။** အီမာန်ရှင်တစ်ဦးသည် မိမိဘဝတွင် မည်သည့်အခြေအနေကို ကြုံတွေ့ရပါစေ ထိုအခြေအနေမှ အကျိုးရရှိနိုင်ပါသည်။

နဗီတမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ—

**“မုအ်မင်န်အတွက် အခြေအနေတိုင်းတွင် ကောင်းကျိုးရှိသည်။ သူ့ထံသို့ ပျော်ရွှင်ဖွယ်ကောင်းသော အရာတစ်ခု ရောက်လာပြီး ကျေးဇူးတင်လျှင် ထိုအရာသည် သူ့အတွက် ကောင်းကျိုးဖြစ်သည်။ အခက်အခဲနှင့် ဝမ်းနည်းမှု ရောက်လာပြီး သည်းခံလျှင်လည်း ထိုအရာသည် သူ့အတွက် ကောင်းကျိုးဖြစ်သည်။”**

ထို့ကြောင့် ကျွန်ုပ်တို့သည် အလ္လာဟ်ထံမှ အာဖိယသ် (ဘေးကင်းချမ်းသာခြင်း) ကို တောင်းခံသင့်ပါသည်။ သို့သော် စမ်းသပ်မှုများ ရောက်လာခဲ့လျှင် အလ္လာဟ်အရှင်မြတ်ထံတွင် သည်းခံနိုင်စွမ်းသတ္တိနှင့် တည်ငြိမ်မှုကို တောင်းခံသင့်ပါသည်။

ယနေ့ မွတ်စ်လင်မ်အမှုသည် တစ်ရုပ်လုံးသည် ပုံစံအမျိုးမျိုးဖြင့် စမ်းသပ်မှုများကို ရင်ဆိုင်နေရပါသည်။ ထိုသို့သော အခြေအနေများတွင် နဗီတမန်တော်မြတ် ﷺ ၏ သွန်သင်ချက်များနှင့် ကိုယ်တော်မြတ်၏ မွန်မြတ်လှသော ဘဝသည် ကျွန်ုပ်တို့အတွက် အလွန်ကြီးမားသော အားကိုးရာတစ်ခု ဖြစ်ပါသည်။

## နဗီတမန်တော်များ၏ စမ်းသပ်ခံရမှု

အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်မြတ် ﷺ အား မိမိ၏ ဖန်ဆင်းခံအားလုံးထဲတွင် အမြင့်မြတ်ဆုံးနှင့် အထင်ရှားဆုံး အဆင့်အတန်းကို ပေးသနားတော်မူခဲ့ပါသည်။ သို့သော် အဆင့်အတန်း မြင့်မားသလောက် စမ်းသပ်မှုများလည်း ပြင်းထန်ခဲ့ပါသည်။

တစ်ခါတစ်ရံ လူတစ်ဦးသည် *“ငါ့ဆံသို့ ဘာကြောင့် ဒီလောက်အခက်အခဲတွေ ဆက်တိုက်ရောက်လာတာလဲ”* ဟု စိတ်ပျက်သွားနိုင်ပါသည်။ သို့သော် နဗီတမန်တော်မြတ် ﷺ ၏ သွန်သင်ချက်များကို သိရှိသူသည် မည်မျှပင် အခက်အခဲများ ဝန်းရံနေပါစေ အလွှာဟ်အရှင်မြတ်နှင့် မိမိ၏ ဆက်နွယ်မှုကို ခိုင်မြဲစွာ ထိန်းသိမ်းပြီး သည်းခံခြင်းကို မစွန့်လွှတ်ပါ။

နဗီတမန်တော်မြတ် ﷺ မိန့်တော်မူသည်—

«إِنَّ أَشَـــدَّ النَّاسِ بَلَاءً الْأَنْبِيَاءُ، ثُمَّ الْأَمْثَلُ فَالْأَمْثَلُ». رواه الترمذي.

“လူသားများထဲတွင် အပြင်းထန်ဆုံး စမ်းသပ်ခံရသူများမှာ နဗီတမန်တော်များ ဖြစ်ကြသည်။ ထို့နောက် ၎င်းတို့နှင့် အဆင့်အတန်းအရ ပိုမိုနီးစပ်သူများသည် စမ်းသပ်ခံရကြသည်။”

ထို့အပြင် ကိုယ်တော်မြတ် ﷺ မိန့်တော်မူသည်—

«يُبْتَلَى الرَّجُلُ عَلَى قَدْرِ دِينِهِ».

“လူတစ်ဦးသည် မိမိ၏ ဒိန်ကို စွဲမြဲလိုက်နာမှုအတိုင်း အတာနှင့် အညီ စမ်းသပ်ခံရသည်။”

အလ္လာဟ်အရှင်မြတ်၏ နဗီတမန်တော်အား လုံး၏ ဘဝများကို ကြည့်မည်ဆိုလျှင် ဤအမှန်တရားကို ထင်ရှားစွာ တွေ့မြင်နိုင်ပါ သည်။

တမန်တော် နူးဟ် ﷺ သည် နှစ်ပေါင်း ၉၅၀ ကျော် အလ္လာဟ်၏လမ်းကို ဖိတ်ခေါ်ခဲ့ရင်း ရိုက်နှက်ခံရခြင်း၊ ဒဏ်ရာ ရခြင်း၊ နှိပ်စက်ခံရခြင်းနှင့် လှောင်ပြောင်ခံရခြင်းများကို ခံခဲ့ရ ပါသည်။

တမန်တော် အိဗ်ရာဟီမ် ﷺ ကို မီးထဲသို့ ပစ်ချခဲ့ကြ သည်။ မိမိ၏ အိမ်နှင့် ဇာတိမြေမှ ထွက်ခွာရသည်။ မိမိ၏ သားကို အလ္လာဟ်အရှင်မြတ်အတွက် အနစ်နာခံရန် စမ်းသပ် ခံခဲ့ရသည်။ ထို့အပြင် ဇနီး ဟာဂျ်ရ်နှင့် နို့စို့အရွယ်သား အစ္စမာအီလ်တို့ကို လူသူမရှိ၊ ရေမရှိ၊ အပင်မရှိသော လျှိုမြောင် တစ်ခုတွင် ထားခဲ့ရန် အမိန့်ပေးခံရသောအခါလည်း အလ္လာဟ် အရှင်မြတ်၏ အမိန့်ကို မဆိုင်းမတွ နာခံခဲ့ပါသည်။

တမန်တော် ယအ်ကူးဗ်နှင့် ယူစွဖ် ﷺ တို့၏ ဘဝများတွင်လည်း အလွန်ပြင်းထန်သော စမ်းသပ်မှုများကို ကုရ်အာန်က ဖော်ပြထားပါသည်။

တမန်တော် အယူးဗ် ﷺ သည်လည်း ကိုယ်ခန္ဓာအနာရောဂါများ၊ နာကျင်မှုများ၊ မိသားစုနှင့် ခွဲခွာရခြင်းစသည့် စမ်းသပ်မှုအမျိုးမျိုးကို ခံခဲ့ရပါသည်။

တမန်တော် မူစာနှင့် အီစာ ﷺ တို့၏ အခြေအနေများကို ဖတ်ရှုလေ့လာလျှင်ပင် စိတ်နှလုံးထိခိုက်ရပါသည်။ ထိုအချိန်က အာဏာရှင်များ၏ အလွန်ဆိုးရွားသော နှိပ်စက်ညှဉ်းပန်းမှုများကို ခံခဲ့ကြရသော်လည်း ထိုမြင့်မြတ်လှသော ပုဂ္ဂိုလ်များသည် အလ္လာဟ်၏လမ်းမှ အနည်းငယ်မျှပင် မရွေ့ခဲ့ကြပါ။

## တမန်တော်ယဟ်ယာ ﷺ ၏ စမ်းသပ်မှု

တမန်တော်ယဟ်ယာ ﷺ သည် ဗနီအစ္စရာအီလ်တို့၏ မကောင်းသော အပြုအမူများနှင့် အကျင့်ပျက်ခြစားမှုများကို ဆန့်ကျင်ပြောဆိုခဲ့ပါသည်။ ထိုမကောင်းမှုများသည်

ဘုရင် Herod - ဟီရောဒ် ၏ နန်းတော်တွင်ပင် ပေါ်ပေါ် ထင်ထင် ဖြစ်ပေါ်နေခဲ့သည်။

ထိုအတွက် တမန်တော်ယဟ်ယာ ﷺ ကို ပထမဦးစွာ ထောင်ချခဲ့ပြီး နောက်ပိုင်းတွင် ဘုရင်၏ အမိန့်ဖြင့် သတ်ဖြတ် ခံခဲ့ရပါသည်။

တမန်တော် အီစာ ﷺ ကိုလည်း ဗနီအစ္စရာအီလ် တို့၏ ဘာသာရေးခေါင်းဆောင်များက အလွန်မုန်းတီးခဲ့ကြ သည်။ အကြောင်းမှာ တမန်တော် အီစာ ﷺ သည် ၎င်းတို့၏ အပြစ်များနှင့် ဟန်ဆောင်မှုများကို ထောက်ပြပြီး အီမာန်နှင့် ဖြောင့်မတ် မှုကို လမ်းညွှန်ပေးသောကြောင့် ဖြစ်ပါသည်။

တမန်တော် အီစာ ﷺ အား မတရားသော အမှုဖွင့်၍ သတ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ သို့သော် မွတ်စ်လင်မ်တို့၏ ယုံကြည်ချက်အရ အလ္လာဟ်အရှင်မြတ်သည် တမန်တော် အီစာ ﷺ အား ရန်သူများ၏ လက်မှ ကယ်တင်တော်မူခဲ့ ပါသည်။

**တမန်တော်မြတ် မုဟမ္မဒ် ﷺ ၏ စမ်းသပ်မှုများ**

တမန်တော်မြတ် ﷺ ၏ ဘဝကို ကြည့်လျှင် အစမှ အဆုံးအထိ စမ်းသပ်မှုများ၊ ဝမ်းနည်းမှုများနှင့် ခွဲခွာရမှုများကို တွေ့မြင်ရပါသည်။

တမန်တော်မြတ် ﷺ သည် မိခင်ဝမ်းထဲတွင် ရှိနေစဉ်ပင် ဖခင် အဗ်ဒွလ္လာဟ် ကွယ်လွန်ခဲ့သည်။ ထို့ကြောင့် ဖခင်သည် မိမိ၏သားကို မမြင်ခဲ့ရသကဲ့သို့ သားတော်သည်လည်း ဖခင်၏ မေတ္တာကို မခံစားခဲ့ရပါ။

မိခင် အာမိနဟ်သည် တမန်တော်မြတ် ﷺ ကို အလွန်ချစ်ခင်စွာ ပြုစုစောင့်ရှောက်ခဲ့သည်။ ကလေးဘဝ၌ ဟလီမဟ် စအ်ဒိယဟ် ﷺ ၏ အိမ်၌လည်း နေထိုင်ခဲ့ရသည်။

သို့သော် မိခင်နှင့်အတူ ပြန်လည်နေထိုင်ပြီး မကြာမီ မိခင်လည်း ကွယ်လွန်ခဲ့သည်။ ထိုအချိန်တွင် တမန်တော်မြတ် ﷺ သည် အလွန်ငယ်ရွယ်သေးသည်။ ထို့နောက် အွမ်မို့ အိုင်မန် ﷺ က မိခင်၏ နေရာကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးခဲ့သည်။

ကိုယ်တော်မြတ် ﷺ ၏ အဘိုး အဗ်ဒွလ်မုတ္တလိဗ်သည်လည်း ကိုယ်တော်မြတ် ﷺ ကို အလွန်ချစ်မြတ်နိုးသည်။ နှစ်နှစ်ခန့် အလွန်ကြင်နာစွာ ပြုစုခဲ့သော်လည်း ကိုယ်တော်မြတ် ﷺ အသက် ရှစ်နှစ်အရွယ်တွင် အဘိုးလည်း ကွယ်လွန်သွားခဲ့ပါသည်။

ထို့နောက် ကိုယ်တော်၏ ဦးလေး အဘူသွာလိဗ်က ကိုယ်တော်ကို ချစ်ခင်ယုယစွာဖြင့် စောင့်ရှောက်ခဲ့သည်။ ထိုသို့သော အခက်အခဲများနှင့် စမ်းသပ်မှုများကြားမှ ကိုယ်တော်မြတ် ﷺ သည် ငယ်စဉ်ကတည်းက အလွန်သန့်ရှင်းဖြောင့်မတ်သော ဘဝကို ဖြတ်သန်းခဲ့သည်။

## ခဒီဇျာ ؓ နှင့် မိသားစုဘဝ

ကိုယ်တော်မြတ် ﷺ ငယ်ရွယ်စဉ်တွင် အလ္လာဟ်အရှင်မြတ်က ကုန်သွယ်ရေးနှင့် အသက်မွေးဝမ်းကျောင်းတွင် အောင်မြင်ကို ချီးမြှင့်ခဲ့သည်။

ထို့နောက် မက္ကာဟ်မြို့၏ ဂုဏ်သိက္ခာရှိပြီး ချမ်းသာသော အမျိုးသမီး ခဒီဇျာ ؓ နှင့် လက်ထပ်ခဲ့ပါသည်။

အိမ်ထောင်ရေးသည် အလွန်ကောင်းမွန်ပြီး စံနမူနာ ယူဖွယ် ဖြစ်ခဲ့ပါသည်။

အလ္လာဟ်အရှင်မြတ်က သားနှစ်ဦးနှင့် သမီးလေးဦးကို ပေးသနားခဲ့သည်။ သားများဖြစ်သော ကာစင်မ်နှင့် အဗ်ဒွလ္လာဟ်တို့သည် ငယ်စဉ်ကပင် ကွယ်လွန်သွားခဲ့ကြသည်။ ထို့ကြောင့် ကိုယ်တော်မြတ် ﷺ သည် မိမိသားများနှင့် ခွဲခွာ ရသော ဝမ်းနည်းမှုကိုလည်း ခံစားခဲ့ရပါသည်။

အသက်ကြီးလာသောအခါ အလ္လာဟ်အရှင်မြတ်က အိဗ်ရာဟီမ်ဟု အမည်ပေးထားသော သားတစ်ဦးကို ထပ်မံ ပေးသနားခဲ့သည်။ အိဗ်ရာဟီမ်သည် ကိုယ်တော်မြတ် ﷺ ၏ အလွန်ချစ်မြတ်နိုးရသော သားဖြစ်ပါသည်။

သို့သော် သူလည်း မကြာမီ အငြင်းအထန် နာမကျန်း ဖြစ်ပြီး ကွယ်လွန်ခဲ့ပါသည်။ ထိုအချိန်တွင် ကိုယ်တော်မြတ် ﷺ ၏ မျက်လုံးများမှ မျက်ရည်များ ကျလာခဲ့သည်။

ဆအ်ဒ် ဘင်န် အုဗာဒဟ် ؓ က—

“အို အလ္လာဟ်၏ တမန်တော်၊ ကိုယ်တော်လည်း ငိုပါသလား” ဟု မေးသောအခါ ကိုယ်တော်မြတ် ﷺ က—

**“နှလုံးသားသည် ဝမ်းနည်းနာကျင်နေသည်။ မျက်လုံးများသည် မျက်ရည်ကျနေသည်။ သို့သော် ကျွန်ုပ်တို့၏ အရှင် နှစ်သက်သည့်အရာကိုသာ ကျွန်ုပ်တို့ နှစ်သက်ကြသည်။ အလ္လာဟ်အရှင်မြတ် မနှစ်သက်သည့် စကားတစ်ခွန်းကိုပင် ကျွန်ုပ်တို့၏ လျှာမှ မထွက်စေရ။”** ဟု မိန့်တော်မူခဲ့ပါသည်။

ဤသည်မှာ ဝမ်းနည်းခြင်းကို ခံစားရသော်လည်း အလ္လာဟ်၏ ဆုံးဖြတ်ချက်ကို လက်ခံပြီး သည်းခံခြင်း၏ အလွန်ကောင်းသော စံနမူနာ ဖြစ်ပါသည်။

ကိုယ်တော်မြတ် ﷺ ၏ သမီးတော်များအနက် ရုကိုင်ယဟ်၊ အုမ္မုလ်ကုလ်ဆူးမ်နှင့် ဇိုင်နဗ် ﷺ တို့သည်လည်း ကိုယ်တော်မြတ် ﷺ သက်ရှိထင်ရှားရှိစဉ် ကွယ်လွန်သွားခဲ့ကြပါသည်။ ဖာသေ့မဟ် ﷺ သည်သာ ကိုယ်တော်မြတ် ﷺ နောက်ပိုင်းတွင် အချိန်အနည်းငယ် အသက်ရှင်ခဲ့ပါသည်။

ကိုယ်တော်မြတ် ﷺ ၏ နောက်ဆုံးအချိန် နီးကပ်လာသောအခါ ဖာသေ့မဟ် ﷺ သည် ကိုယ်တော်မြတ် ﷺ ၏ အနီးတွင် ထိုင်နေခဲ့ပါသည်။ ကိုယ်တော်မြတ် ﷺ က မိမိ၏ ကွယ်လွန်ချိန် နီးကပ်လာပြီဟု ပြောသောအခါ ဖာသေ့မဟ် ﷺ သည် ဝမ်းနည်း၍ ငိုခဲ့ပါသည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ က—

**“ငါ၏ အိမ်သူအိမ်သားများထဲတွင် သင်သည် ငါ့ထံသို့ ပထမဆုံး လာရောက်မည့်သူ ဖြစ်မည်”** ဟု ပြောခဲ့သောအခါ သူမ ဝမ်းမြောက်၍ ပြုံးခဲ့ပါသည်။

တမန်တော်မြတ် ﷺ ကွယ်လွန်ပြီးနောက် ခြောက်လခန့်အကြာတွင် ဖာသေ့မဟ် ﷺ လည်း ကွယ်လွန်ခဲ့ပြီး မိမိ၏ ဖခင်ထံသို့ ရောက်ရှိသွားခဲ့ပါသည်။

ဤသည်မှာ အလ္လာဟ်၏ တမန်တော်မြတ် ﷺ ၏ မိသားစု ဘဝနှင့် လောကီဘဝမှ စမ်းသပ်မှုများ၏ အကျဉ်းချုပ် တစ်ရပ် ဖြစ်ပါသည်။

**ကျွန်ုပ်တို့အတွက် စံနမူနာ**

ထို့ကြောင့် ယနေ့ ကျွန်ုပ်တို့ထံသို့ ဝမ်းနည်းမှုများနှင့် အခက်အခဲများ ရောက်လာသောအခါ တမန်တော်မြတ် ﷺ ၏ ဘဝကို ပြန်လည်ကြည့်ရှုသင့်ပါသည်။

**အခက်အခဲများကို သည်းခံပါ။ အလ္လာဟ်အရှင်မြတ်ကို ယုံကြည်ပါ။ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ ကောင်းချီးများဖြင့် ထိုအခက်အခဲများကို အစားထိုးပေးတော်မူမည် ဖြစ်ပါသည်။**

အလ္လာဟ်အရှင်မြတ်သည်သာ ဝမ်းနည်းမှုများကို အမှန်တကယ် ဖယ်ရှားပေးနိုင်သော အရှင်ဖြစ်ပါသည်။

**ဝမ်းနည်းမှုနှင့် အခက်အခဲများအတွက် တမန်တော်မြတ် ﷺ သင်ကြားပေးခဲ့သော ဒုအာ**

တမန်တော်မြတ် ﷺ သည် ဝမ်းနည်းမှုနှင့် စိုးရိမ်ပူပန်မှုများမှ လွတ်မြောက်ရန် ဒုအာများစွာကို သင်ကြားပေးခဲ့ပါသည်။

ထိုအထဲမှ အလွန်အရေးကြီးသော ဒုအာတစ်ပုဒ်မှာ—

اللَّهُمَّ إِنِّيْ أَعُوْذُ بِكَ مِنَ الْهَمِّ وَالْحَزَنِ، وَأَعُوْذُ بِكَ مِنَ الْعَجْزِ وَالْكَسَلِ، وَأَعُوْذُ بِكَ مِنَ الْجُبْنِ وَالْبُخْلِ، وَأَعُوْذُ بِكَ مِنْ غَلَبَةِ الدَّيْنِ وَقَهْرِ الرِّجَالِ.

“အို အလ္လာဟ်၊ စိုးရိမ်ပူပန်မှုနှင့် ဝမ်းနည်းမှုတို့မှ အရှင့်၏ အကာအကွယ်ကို ကျွန်ုပ်တောင်းခံပါ၏။ ချိနဲ့ခြင်းနှင့် ပျင်းရိခြင်းတို့မှ အရှင့်၏ အကာအကွယ်ကို တောင်းခံပါ၏။ သူရဲဘောကြောင်ခြင်းနှင့် စေးနဲခြင်းတို့မှ အရှင့်၏ အကာအကွယ်ကို တောင်းခံပါ၏။ ကြွေးမြီများ၏ ဖိစီးမှုနှင့် လူတို့၏ ဖိနှိပ်မှုမှလည်း အရှင့်၏ အကာအကွယ်ကို တောင်းခံပါ၏။”

ဤဒုအာကို နံနက်နှင့် ညနေတိုင်း ဖတ်ရန် တမန်တော်မြတ် ﷺ က သင်ကြားပေးခဲ့ပါသည်။ ထိုဒုအာကို လိုက်နာဖတ်ရွတ်ပြီးနောက် အဘူအုမာမဟ် ؓ က မိမိ၏ စိုးရိမ်ပူပန်မှုများ ပျောက်ကင်းသွားပြီး ကြွေးမြီများလည်း ပြေလည်သွားကြောင်း ပြောပြခဲ့ပါသည်။ *(အဗူဒါဝူးဒ်ကျမ်း)*

ဤဒုအာများသည် အလွန်ကောင်းမွန်သော အစွမ်းလာမ့် ကုစားနည်းများ ဖြစ်ပါသည်။ သို့သော် အလ္လာဟ်အရှင်မြတ်

ထံမှ အကျိုး ရရှိရန် **တမန်တော်မြတ် ﷺ ကို စစ်မှန်စွာ ချစ်မြတ်နိုးခြင်း၊ တမန်တော်မြတ် ﷺ ၏ သွန်သင်ချက်များကို ခိုင်မာစွာ ယုံကြည်ခြင်း၊ အလ္လာဟ်အရှင်မြတ်ကို စစ်မှန်စွာ ခဝပ်ဆည်းကပ်ခြင်းနှင့် အရှင့်၏ အမိန့်များကို သစ္စာရှိစွာ လိုက်နာခြင်း** တို့လည်း လိုအပ်ပါသည်။

ထို့ကြောင့် ယနေ့ ကျွန်ုပ်တို့သည် စိတ်ရင်းမှန်ဖြင့် ကတိပြုကြပါစို့—

**အလ္လာဟ်အရှင်မြတ်၏ အမိန့်တိုင်းနှင့် တမန်တော်မြတ် ﷺ ၏ အမိန့်တိုင်းရှေ့တွင် ခေါင်းငုံ့နာခံကြမည်။ အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ် ﷺ ချမှတ်ထားသော စည်းမျဉ်းများနှင့် အကန့်အသတ်များကို မည်သည့် အခြေအနေတွင်မဆို လေးစားလိုက်နာကြမည်။**

အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့၏ အခက်အခဲတိုင်းကို လွယ်ကူစေတော်မူပါစေ။ စမ်းသပ်မှုတိုင်းကို နောင်ဘဝအောင်မြင်မှုရရှိရန် အကြောင်းခံတစ်ခု ဖြစ်စေတော်မူပါစေ။ وَآخِرُ دَعْوَانَا أَنِ الْحَمْدُ لِلَّهِ رَبِّ الْعَالَمِينَ